Australian Government
Department of Home Affairs

# အရေးကြီးသော ကာကွယ်စောင့်ရှောက်ရေးဗီဇာ အချက်အလက်များ

ဤအချက်အလက်များကို အခြားဘာသာစကားများဖြင့် ရရှိနိုင်ပါသည်။ Australia’s protection obligations (homeaffairs.gov.au) ကို ကြည့်ပါ

## ကာကွယ်စောင့်ရှောက်ရေးဗီဇာများ

ကာကွယ်စောင့်ရှောက်ရေးဗီဇာဆိုသည်မှာ လူအများ (သို့ မဟုတ် ၎င်းတို့ ၏ မိသားစုဝင်များ) အနေဖြင့် ၎င်းတို့ အိမ်ပြန်ပါက အောက်ပါအကြောင်းပြချက်များဖြင့် စင်စစ်ကြီးမားသော ထိခိုက်အန္တရာယ် သို့ မဟုတ် ညှဉ်းပန်းနှိုက်စက်ခံရမည့် အန္တရာယ်တစ်ခုနှင့် အမှန်တကယ်ရင်ဆိုင်နေရသူများအတွက် ဖြစ်သည်-

- လူမျိုး
- ဘာသာရေး
- နိုင်ငံသား
- သီးခြားလူမှုရေးအုပ်စုတစ်စု၏ အဖွဲ့ဝင် သို့မဟုတ်
- နိုင်ငံရေးအမြင်။

သင်သည် ကာကွယ်စောင့်ရှောက်ရေးဗီဇာ လျှောက်ထားသည့်အခါ သင့်ဇာတိနိုင်ငံမှနေ၍ ဩစတြေးလျနိုင်ငံတွင် ခိုလှုံခွင့် တောင်းခံထားခြင်းဖြစ်သည်။

ကာကွယ်စောင့်ရှောက်ရေးဗီဇာသည် ဩစတြေးလျနိုင်ငံတွင် အချိန်ကြာမြင့်စွာနေထိုင်ပြီး အလုပ်လုပ်ကိုင်လိုသူများအတွက် မဟုတ်ပါ။

အကယ်၍ သင်သည် ကာကွယ်စောင့်ရှောက်ရေးဗီဇာကို လျှောက်ထားပါက အောက်ပါအကြောင်းအရာတစ်ခု သို့မဟုတ် နှစ်ခုလုံးကို မှန်ကန်ကြောင်း ကြေညာနေသူဖြစ်သည်- -

- သင်သည် ကြီးမားသော ထိခိုက်အန္တရာယ် သို့မဟုတ် အမှန်တကယ်ညှဉ်းပန်းနှိပ်စက်ခံရနိုင်သည့် အခွင့်အလမ်း မကြုံတွေ့ရဘဲ အိမ်သို့ ပြန်မသွားနိုင်ပါ။

- သင်သည် အဆိုပါတောင်းဆိုမှုမျိုး ပြုလုပ်ထားသူ၏ မိသားစုဝင်တစ်ဦးဖြစ်သည်။

အကယ်၍ သင်သည် (သင်၏ ဇာတိနိုင်ငံမှတစ်ပါး) ကြီးမားသော ထိခိုက်အန္တရာယ် သို့ မဟုတ် အမှန်တကယ် ညှဉ်းပန်းနှိပ်စက်မှုခံရနိုင်သည့်အန္တရာယ် မကြုံတွေ့ရနိုင်သည့် အခြားနိုင်ငံတစ်နိုင်ငံတွင် တရားဝင်ဝင်ရောက်၍ ဘေးကင်းလုံခြုံစွာ နေထိုင်နိုင်ပြီး ထိုနိုင်ငံမှ သင့်ကို သင်ကြုံတွေ့ရမည့်ကြီးမားသော ထိခိုက်အန္တရာယ် သို့ မဟုတ် အမှန်တကယ် ညှဉ်းပန်းနှိပ်စက်မှုခံရနိုင်သည့် အခြားနိုင်ငံတစ်ခုသို့ ပြန်လွှတ်မည်မဟုတ်လျှင်

ကာကွယ်စောင့်ရှောက်ရေးဗီဇာကိုပေးအပ်လိမ့် မည်မဟုတ်ပါ။ ဩစတြေးလျနိုင်ငံတွင် ခိုလှုံခွင့် အမှန်တကယ်လိုအပ်မှသာ ကာကွယ်စောင့်ရှောက်ရေးဗီဇာကို လျှောက်ထားသင့်ပါသည်။

သင်နှင့်သင်၏အခြေအနေအတွက် ပိုသင့်လျော်သည့် အခြားဗီဇာများ ရှိနိုင်ပါသည်။ အခြားဗီဇာများနှင့် ပတ်သက်၍ [Explore visa options (homeaffairs.gov.au)](https://immi.homeaffairs.gov.au)တွင် လေ့လာပါ။

# သင်၏ ကာကွယ်စောင့်ရှောက်ရေးဗီဇာလျှောက်ထားမှုကို ငြင်းပယ်ခံရပါက ဘာဖြစ်မည်နည်း။

အကယ်၍ သင်သည် ကာကွယ်စောင့်ရှောက်ရေးဗီဇာကို ငြင်းပယ်ခံရပါက အခြားဗီဇာအများစုအတွက် လျှောက်ထားနိုင်မည်မဟုတ်ဘဲ တရားဝင်ဗီဇာမရှိပါက ဩစတြေးလျနိုင်ငံမှ ထွက်ခွာရန် လိုအပ်ပါမည်။ သင့်တွင် တရားဝင်ဗီဇာမရှိပါက ထိန်းသိမ်းခံရနိုင်ပြီး ဩစတြေးလျနိုင်ငံမှ ဖယ်ရှားခံရနိုင်သည်။

အကယ်၍ သင်သည် ထိန်းသိမ်းခံရပြီး ဩစတြေးလျနိုင်ငံမှ ဖယ်ရှားခံရပါက သင်ဖယ်ရှားခံရသည့် ကုန်ကျစရိတ်ကို ပြန်လည်ပေးဆပ်ရမည်ဖြစ်သည်။ ဤပမာဏသည် ဒေါ်လာထောင်ချီရှိနိုင်ပါသည်။

ငြင်းပယ်ခံထားရသော ကာကွယ်စောင့်ရှောက်ရေးဗီဇာ လျှောက်လွှာသည် တစ်သက်တာအတွက် သင်၏ လူဝင်မှုကြီးကြပ်ရေး မှတ်တမ်းတွင် ရှိနေပါမည် ။ ၎င်းသည် သင်နှင့်သင့်မိသားစုအတွက် အနာဂတ်မှာ ဩစတြေးလျနိုင်ငံကို သွားရောက်လည်ပတ်ရန် ပိုမိုခက်ခဲစေနိုင်ပါသည်။ သင်လျှောက်ထားသည့် ဗီဇာအမျိုးအစားပေါ် မူတည်၍ ငြင်းပယ်ခံထားရသော ကာကွယ်စောင့်ရှောက်ရေးဗီဇာသည် ဩစတြေးလျပြင်ပရှိ အခြားနိုင်ငံများသို့ သင်၏ အနာဂတ်ဗီဇာလျှောက်လွှာများအပေါ် အကျိုးသက်ရောက်မှုရှိစေနိုင်သည်။

# အကာအကွယ်တောင်းဆိုသည့်အခါ သင်၏ တာဝန်ဝတ္တရားများ

ပြည်ထဲရေးဝန်ကြီးဌာန (Department of Home Affairs) က ဆုံးဖြတ်ချက်မချမီ ကာကွယ်စောင့်ရှောက်ရေးနှင့် အထောက်အထား သက်သေများအတွက် သင်၏ တောင်းဆိုမှုအသေးစိတ်ကိုပေးရန်မှာ သင့်အပေါ်တွင် မူတည်ပါသည်။

သင့်အနေဖြင့် ဩစတြေးလျနိုင်ငံတွင် ဘာကြောင့်ကာကွယ်စောင့်ရှောက်မှု လိုအပ်သည်ဆိုသည့်အကြောင်းရင်းကို ရှင်းလင်းစွာ ရှင်းပြရမည်ဖြစ်ပြီး ဌာနအား ပြည့်စုံပြီးတိကျသော သတင်းအချက်အလက်များကို တတ်နိုင်သမျှ အမြန်ဆုံး ပေးပို့ရမည် ။

ကာကွယ်စောင့်ရှောက်ရေးဗီဇာအတွက် လျှောက်လွှာတင်သွင်းသည့်အခါ တစ်စုံတစ်ဦးက သင့်အတွက် လျှောက်လွှာကို ဖြည့်စွက်ပြီး တင်ပြလျှင်ပင် သင်ပေးသည့် အချက်အလက်အားလုံးသည် မှန်ကန်ပြီး တိကျမှုရှိကြောင်း သေချာစေရန် သင့်တာဝန်ဖြစ်သည်။

သင်မည်သည်ကို လျှောက်နေသည်နှင့် လျှောက်လွှာတွင် မည်သည့်အချက်အလက်များ ပေးထားကြောင်းကို နားမလည်သည့် မည်သူ့ကိုမျှ သင့်အတွက် ကာကွယ်စောင့်ရှောက်ရေး ဗီဇာလျှောက်ထားခြင်းကို ခွင့်မပြုသင့်ပါ။

သင်သည် ဩစတြေးလျမှတ်ပုံတင်ထားသော ရွှေ့ပြောင်းမှုဆိုင်ရာကိုယ်စားလှယ် သို့မဟုတ် ဩစတြေးလျဥပဒေရေးရာ ကျွမ်းကျင်သူတစ်ဦးကို အသုံးပြုလျှင်ပင် မှန်ကန်သော ဗီဇာအမျိုးအစား လျှောက်ထားရန်နှင့် သင်၏ ဗီဇာအခြေအနေများကို လိုက်နာကြောင်း သေချာစေရန် သင့်တွင်တာဝန်ရှိသည်။

မှတ်ပုံတင်ထားသော ရွှေ့ပြောင်းမှုဆိုင်ရာကိုယ်စားလှယ်များကို ပြည်ထဲရေးဝန်ကြီးဌာန (Department of Home Affairs) ၏ ဝဘ်ဆိုက်တွင် ဖော်ပြထားသည်။ steps to choose a migration agent (mara.gov.au) လိုက်နာပါ။

# မှားယွင်းသော တောင်းဆိုမှုများအတွက် ပြစ်ဒဏ်များ

ကာကွယ်စောင့်ရှောက်ရေး ဗီဇာလျှောက်ထားသည့်အခါ၊လျှောက်ထားသူများသည် ကြေညာချက်တစ်စောင် ထုတ်ပြန်ရမည်။

မှားယွင်းသော သို့မဟုတ် လိမ်လည်ထားသော သတင်းအချက်အလက်များ ပေးပို့ခြင်းသည် ဩစတြေးလျတွင် ပြင်းထန်သော ပြစ်မှုတစ်ခုဖြစ်ပြီး  ရာဇဝတ်မှုဆိုင်ရာ ပြစ်ဒဏ်များနှင့် ရင်ဆိုင်ရနိုင်သည်။

ဗီဇာလျှောက်လွှာတွင် မှားယွင်းသော သို့မဟုတ် လိမ်လည်ထားသောအချက်အလက်များ ပေးပို့သူသည် ကြီးမားသော ငွေဒဏ်၊ ထောင်ဒဏ် 10 နှစ် သို့မဟုတ် နှစ်ခုစလုံး ကျခံရနိုင်သည်။

သင်၏ ဗီဇာကို ခွင့်ပြုပြီးနောက် သင်သည် မှားယွင်းသော သို့မဟုတ် လိမ်လည်ထားသောအချက်အလက်များ ပေးပို့ထားကြောင်း တွေ့ရှိရပါက သင်၏ ကာကွယ်စောင့်ရှောက်ရေးဗီဇာကို ဖျက်သိမ်းနိုင်ပါသည်။

# အခမဲ့ ဥပဒေဆိုင်ရာ အကြံဉာဏ်များရရှိနိုင်သည်

သင့်အနေဖြင့် ကာကွယ်စောင့်ရှောက်ရေးဗီဇာ မလျှောက်မီ သင့်ပြည်နယ် သို့မဟုတ် နယ်မြေရှိ အထူးကျွမ်းကျင်သော ဒုက္ခသည်နှင့် လူဝင်မှုကြီးကြပ်ရေး ဥပဒေဆိုင်ရာ ပံ့ပိုးပေးသူထံမှ free legal advice ကို ရယူရန် လေးလေးနက်နက် တိုက်တွန်းအပ်ပါသည်။

ဤဝန်ဆောင်မှုပေးသူများက သင့်အား ကူညီနိုင်သည်မှာ -

- သင်သည် ကာကွယ်စောင့်ရှောက်ရေးဗီဇာ သို့မဟုတ် အခြားပိုမိုကိုက်ညီသင့်လျော်သောဗီဇာအတွက် အရည်အချင်းပြည့်မီမှုရှိမရှိ ရှာဖွေခြင်း

- လျှောက်လွှာလုပ်ငန်းစဉ်ကို နားလည်စေခြင်း
- ကာကွယ်စောင့်ရှောက်ရေးဗီဇာ ငြင်းပယ်ခြင်း၏ အကျိုးဆက်များကို နားလည်ခြင်း
- လိုအပ်ပါက ကာကွယ်စောင့်ရှောက်ရေးဗီဇာလျှောက်လွှာကို ဖြည့်စွက်ပြီး တင်သွင်းခြင်း။

သင်သည် သင်၏ ပြည်နယ် သို့မဟုတ် နယ်မြေအတွင်းရှိ ဥပဒေရေးရာအကူအညီ သို့မဟုတ် ရပ်ရွာဥပဒေရေးရာစင်တာမှ အခမဲ့ဥပဒေရေးရာအကူအညီများကိုလည်း ရယူနိုင်ပါသည်။